ဦးဇော်ဝင်း (အတွင်းရေးမှူး၊ ထာပဲ့ကျောက်ကုန်သည်များအသင်း မိုးကုတ်)
ဦးနေလှိုင်ဦး (ကျောက်မျက်ပညာရှင်)
ဒေါ်ပွင့်ဖြူ (ဒုဥက္ကဌ၊ စိမ်းလန်းမိုးကုတ်အဖွဲ့)

"မိုးကုတ်မြို့မှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ကျောက်မျက်လုပ်ငန်းအပေါ်မှာ မှီခိုပြီးတော့ ရှာဖွေစားသောက်နေကြတာပါ။ လက်ရှိပြဌာန်းထားတဲ့ ဥပဒေက သာမန်လက်လုပ်လက်စားတွေအတွက် ကျောက်မျက်တူးဖော်ခွင့်မရှိဘူး။ ကျောက်မျက်ကုမ္ပဏီကြီးတွေကဘဲ ကျောက်မျက်တူးဖော်ခွင့်ရအောင် ဥပဒေက ပြဌာန်းထားတယ်။ ဒါကြောင့် သာမန်ပြည်သူတွေအတွက် စီးပွားရေးက အဆင်မပြေဘူး။ ကျွန်တော်တို့အတွက် လက်ရှိအခြေအနေကလည်း ကျောက်တူးဖို့အတွက် နေရာကတော်တော်လေးရှားနေပါတယ်။ ပြီးတော့ ကျန်တဲ့နေရာတွေကလဲ သိပ္ပံနည်းပညာက သိမ်းထားပြီးပါပြီ။ ဧက သောင်းရစ်ထောင်နီးပါးလောက်ရှိပါတယ်။ အဲ့ဒီမှာ ကျောက်ထွက်တဲ့နေရာတွေ အများကြီးရှိပါတယ်။ ဒါနဲ့ပတ်သတ်လို့ အကြောင်းပြချက်ကိုတော့ ကျွန်တော်တို့သေသေချာချာမသိဘူး။ သို့သော် သိမ်းထားတာတော့ ကြာပါပြီ" ဦးဇော်ဝင်း

---

"အမေရိကန်အစိုးရရဲ့စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှု (sanction) ဖွင့်လာလို့ ဒေသခံတွေအတွက် ခေါင်းစဉ်ကတော့ ပွင့်လာပြီလို့ပြောလို့ရပေမယ့် တကယ်တမ်းက မပွင့်သေးပါဘူး။ ပိတ်နေတုံးဘဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတစုရဲ့အကျိုးစီးပွားအတွက်ကြောင့်ဘဲဖြစ်နေလို့ပါ။ နောက်တချက်က အရင်းအမြစ်ကသာ ဒီမှာရှိနေပေမယ့် ဈေးကွက်က ဒီမှာမရှိဘူး။ ပြီးတော့ တခြားနိုင်ငံတွေကိုကြည့်မယ်ဆိုရင်လည်း ကျောက်က ကျွန်တော်တို့မြန်မာနိုင်ငံလောက်မထွက်ဘူး။ မြန်မာနိုင်ငံလို နံပါတ်တစ်မဟုတ်ဘဲနဲ့ သူတို့က ရှင်သန်လို့ရတယ်။ ဘာလို့လဲဆိုတော့ ဈေးကွက်က အဲ့ဒီမှာဖြစ်နေတာကို။ ပတ္တမြားဆိုလို့ရှိရင်လဲ မြန်မာနိုင်ငံက ကမ္ဘာ့မှာနံပါတ်တစ်။ ဒါပေမယ့် ဈေးကွက်က ဘန်ကောက်နဲ့ဟောင်ကောင်မှာဖြစ်တယ်။ ဟောင်ကောင်ဆိုရင် ကမ္ဘာမှာတတိယအကြီးဆုံး ဈေးကွက်ဘဲ" ဦးနေလှိုင်ဦး

---

"သွားကြားထိုးတံ၊ အပ်တချောင်းတောင် မထုတ်လုပ်နိုင်တဲ့နိုင်ငံမှာ ကျွန်မတို့အတွက် ဝင်ငွေစီးဆင်းမှုကလည်း မရှိတာကြောင့် စီးပွားရေးဆိုတာက ကျွန်မတို့က သံယံဇာတကိုဘဲထုတ်ရောင်းနေရတယ်။ သံယံဇာတကိုဘဲထုတ်ရောင်းပြီးအားကိုးရင်းအားကိုးရင်းနဲ့ တိုင်းပြည်က တဖြည်းဖြည်းနဲ့စီးပွားရေးက ဆုတ်ယုတ်လာတယ်။ မိုးကုတ်အပါအဝင်ပေါ့နော်။ မြန်မာနိုင်ငံက သံယံဇယတကျိန်စာသင့်ခဲ့လားဆိုတော့ သင့်ခဲ့တယ်။ ရေနံ အပါအဝင် ဓါတ်သတ္တု နဲ့ ကျောက်မျက်မျိုးစုံထွက်တယ်။ တခြားနိုင်ငံတွေမှာမထွက်တဲ့အရာတွေမျိုးစုံဟာ ကျွန်မတို့နိုင်ငံမှာထွက်တယ်" ဒေါ်ပွင့်ဖြူ

---

"စီးပွားရေးပြန်လည်ဖွံ့ဖြိုးလာဖို့ ကျွန်တော်တို့အဓိကတောင်းဆိုတာက သာမန်လက်လုပ်လက်စားတွေအတွက် အများပိုင်နေရာတွေလုပ်ပေးရမယ်။ ဟိုးအရင်က မဆလခေတ်မှာ ကျောက်မျက်ဇရိယာအများပိုင်နေရာတွေမှာ တနိုင်တပိုင် တူးကြတယ်။ တစ်အိမ်မှာ တွင်းသမား တစ်ယောက်၊နှစ်ယောက် စုပြီးတော့မှ တွင်းတစ်တွင်း တူးကြတယ်။ သူ့တွင်း၊ ကိုယ့်တွင်းဘေးမှာ ယှဉ်လျက်တူးကြတယ်။ ဒါပြဿနာမရှိဘူး။ ကျွန်တော်တို့က အဲ့လိုပုံစံမျိုးသွားချင်တယ်။ ဒီမြေဒီရေမှာရှိတဲ့ သံယံဇာတတွေကချမ်းသာတဲ့သူတွေနဲ့ဘဲဆိုင်တာမဟုတ်ဘူး။ ကျွန်တော်တို့နဲ့လည်း ဆိုင်တယ်။ ကျွန်တော်တို့လည်း တူးချင်တယ်။ အဲ့ဒီ့အတွက် မြေနေရာတွေသတ်မှတ်ပေးပါ။ အဲ့လိုမျိုးမြေနေရာတွေ သတ် မှတ်ပေးမယ်ဆိုရင် စီးပွားရေးကလည်း နိုးကြွလာမယ်လို့ ကျွန်တော်ထင်တယ်" ဦးဇော်ဝင်း

---

"သီရိလင်္ကာနိုင်ငံကိုကြည့်လိုက်မယ်ဆိုရင် သူတို့အစိုးရက ဘယ်လုပ်ပေးထားလဲဆိုတော့ သဘာဝသံယံဇာတ နှင့်ပတ်ဝန်းကျင်ထိခိုက်မှုမှာ ကျွန်တော်တို့နိုင်ငံနဲ့ယှဉ်ရင် အနည်းဆုံးဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ရွှေတူးဖော်တဲ့နေရာမှာဓါတုပစ္စည်းနဲ့ပတ်သတ်ပြီးတော့ သုံးတယ်။ ကျွန်တော်တို့က မသုံးဘူး။ အဓိကအရင်းအမြစ်ထုတ်တော့မှဘဲ ကျွန်တော်တို့က ယမ်းခွဲပြီးတော့သုံးကြတယ်။ အဲ့တော့သီရိလင်္ကာနိုင်ငံက ဘာလုပ်ထားလဲဆိုတော့ ယမ်းကို ပိသာဘယ်လောက်ဘဲ

သုံးရမယ်ဆိုတာမျိုး ဥပဒေထဲမှာထည့်ထားတာ။ မြန်မာနိုင်ငံမှာကျတော့ ခေါင်းစဉ်ဘဲရှိပြီး အောက်မှာ လက်တွေ့ လုပ်ဆောင်တာမရှိဘူး” ဦးနေလှိုင်ဦး

---

“ဒီနေရာမှာ နိုင်ငံတော်အတွက်အခွန်ကို အပြည့်အဝရရှိစေချင်တယ်ဆိုရင် အခွန်တွေကို လုပ်ငန်းရှင်တွေမထမ်းဆောင် နိုင်တဲ့ အခွန်မျိုးမဖြစ်ဖို့လိုပါတယ်။ ၂၀ ရာခိုင်နှုန်းဆိုတာ သိပ်ကိုများလွန်းနေပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်လုပ်ငန်းရှင်တွေ ထမ်းဆောင်နိုင်တဲ့ဟာမျိုး ဖြစ်စေချင်ပါတယ်။ နောက်တချက်က ရာဖြတ်အဖွဲ့က ဖြတ်တဲ့တန်ဖိုးအပေါ် နိုင်ငံတော်က ရတယ်ဆိုတာ သိပ်အဓိပ္ပါယ်မရှိဘူးလို့ ကျွန်တော်ကတော့ ထင်ပါတယ်။ ပြည်သူ ၅ ယောက်လောက်က ဖြတ်တဲ့တန်ဖိုး အပေါ်မှာဘဲ ယူမယ်ဆိုရင် ဒီ ၅ ယောက်နဲ့လုပ်ငန်းရှင်တွေပေါင်းပြီး အဂတိလိုက်စား မှုကိုဖြစ်စေမယ်လို့ ကျွန်တော်က တော့ ဒီလိုဘဲမြင်ပါတယ်” ဦးဇော်ဝင်း

---

“ဘာလို့လဲဆိုတော့ ရာဖြတ်ရဲ့အပေါ်မှာဘဲ မူတည်ပြီးတော့ဖြစ်သွားတာကို။ ဒါကိုချုပ်ကိုင်ထားဖို့က နည်းပညာအရတော့ ချုပ်ကိုင်ထားလို့ရပါတယ်။ ဒီကျောက်မျက်ရဲ့ အရည်အသွေးပေါ်မူတည်ပြီး လက်ရှိပေါက်ဈေးကို ဖော်ကိုဖော်ပြရပါမယ်။ ကြမ်းခင်းဈေးက ရှိကိုရှိရပါမယ်။ ဒီ့အတွက် (format) ပုံစံတစ်ခုက ရှိကိုရှိရပါမယ်။ လူပြောင်းသွားတိုင်း မူပြောင်းစရာ မလိုပါဘူး။ နိုင်ငံတကာမှာလည်း ဒီပုံစံအတိုင်းပါဘဲ။ ဒီမှာက သူ့လူနဲ့သူရှိနေတော့ အခွန်ဆောင်တာထက် အခွန်ရှောင်တာ ကပိုများနေပါတယ်” ဦးနေလှိုင်ဦး

---

“နိုင်ငံရေးအာဏာနဲ့စီးပွားရေးအာဏာ နှစ်ရပ်ရှိတာပေ့ါ။ ကျွန်မတို့က နိုင်ငံရေးအာဏာကိုပြီးပြည့်စုံအောင်ယူနေတဲ့ အချိန်မှာ စီးပွားရေးအာဏာကိုလည်း ကျွန်မတို့ခွန်တွဲပြီးသွားရမှာပေ့ါ။ စီးပွားရေးအာဏာကိုရဖို့ဆိုရင် ဥပဒေတော် တော်များများကို ကျွန်မတို့ပြည်သူလူထုအတွက် အခွင့်အလန်းတူမှပေ့ါ။ တဦးနဲ့တဦး အခွင့်အရေးတွေ အခွင့်အလန်းတွေ တူမှသာ စီးပွားရေးက ပြည်သူလူထုအထိ ဖြန့်ကျက်လို့ရမယ်” ဒေါ်ပွင့်ဖြူ

---

(၁)ပရိသတ် ဦးသန်းလွင် ကျောက်မျက်အကြံပြုကော်မတီဝင်၊မိုးကုတ်မြို့နယ် ((
ဒေသခံတွေအကျိုးစီးပွားကိုဖော်ဆောင်ပေး နိုင်တဲ့ကျောက်မျက်ဥပဒေကို ကျွန်တော်တို့က
လွှတ်တော်ကိုတင်ပြထားပါတယ်။ ဒါကိုအမြန်ဆုံးအကောင်အထည်ဖော်ပေး ဖို့ဒေသခံတစ်ဦးအနေနဲ့တောင်ဆိုပါတယ်))
(၂)ပရိသတ် မိုးကုတ်မောင်လှိုင်သစ်(စာရေးဆရာ) (( ကျောက်မျက်က စီးပွားရေးကိုအထောက်အကူဖြစ်ထွန်းစေပါတယ်။ ဒါပေမယ့်ဒေသခံတွေအတွက်တော့မဟုတ်ပါဘူး။ အဝေးက ငြိမ်းချမ်းရေးအဖွဲ့တွေ၊ ခရိုနီတွေ သူတို့နဲ့ပတ်သတ်တဲ့သူတွေ ကြီးပွားချမ်းသာဖို့အတွက်ပါ))
(၅)ပရိသတ် ဦးထက်နိုင် (( မိုးကုတ်တစ်မြို့လုံးက ကျောက်မျက်စင်တာကြီးဆောက်မှာကို ထောက်ခံပါတယ်။ ဒါပေမယ့် လူအများနဲ့သက်ဆိုင်တဲ့နေရာမှာ အခွမသိမ်းယူပြီးတော့ ဆောက်ဖို့စိတ်ကူးရှိတဲ့အတွက်က ကျွန်တော်တို့က တားတာပါ))
ပရိသတ် ရေပူဆရာတော်မိုးကုတ် (( ကျောက်မျက်ထုတ်လုပ်ရေးက ဘုန်းကြီးတို့ မိုးကုတ်သူ မိုးကုတ်သားတွေအတွက် တော့စီးပွားဖြစ် မဖြစ်တော့မပြောတတ်ဘူး။ အကျင့်စာရိတ္တပျက်နေတာကိုတော့ ဘုန်းကြီးပြောချင်တယ်။ မိုးကုတ်သူမိုး ကုတ်သားတွေ မတရားသဖြင့် ခိုးမှ ရပ်တည်လို့ရတော့မှာလားလို့ ဘုန်းကြီးကမေးချင်တယ်))